# <u>ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ SSPDF (ရှမ်းပြည်တောင်ပိုင်း )မှ အများပြည်သူသို့ သတင်းထုတ်ပြန်အသိပေးခြင်း</u>

*(အမှတ် ၁၁/၂၀၂၁ )*

**၂၁ စက်တင်ဘာလ ၂၀၂၁**

ယခုအခါ ကျွန်တော်တို့ လက်ရှိအသုံးပြုနေသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ SSPDF (ရှမ်းပြည်တောင်ပိုင်း) ၏ အမည်နှင့် Logo ကို အသုံးချပြီး ပြည်တွင်း/ပြည်ပရှိ မိဘပြည်သူများ ထံမှ အလှူငွေကောက်ခံခြင်းများ၊ ညှိနှိုင်းတွေ့ဆုံရန် ချိတ်ဆက်ကမ်းလှမ်း ပြောဆိုခြင်းများ ပြုလုပ်နေကြကြောင်း သတင်းရရှိပါသည်။

ထို့ကြောင့် မိဘပြည်သူများအနေနှင့် ကျွန်တော်တို့၏ အဖွဲ့အစည်းအပေါ် မလိုလားအပ်သော အထင်အမြင်လွဲမှားမှုများ၊ မလိုလားအပ်သော အန္တရာယ်များ မဖြစ်ပေါ်လာစေရန် အတွက် အရေးပေါ် သတင်း ထုတ်ပြန်လိုက်ရပါသည်။ ကျွန်တော်တို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ SSPDF (ရှမ်းပြည်တောင်ပိုင်း) အနေဖြင့် အလှူငွေများကို လက်ခံရာတွင် အဖွဲ့မှ တာဝန် ပေးအပ်ထားသော တာဝန်ခံများမှ တဆင့် စနစ်တကျ လုံခြုံစွာ ချိတ်ဆက်ဆောင်ရွက် ပြီးမှသာလျှင် လက်ခံလျှက်ရှိပါသည်။ လှူဒါန်းကူညီထောက်ပံ့ပေးကြသော အလှူရှင် တစ်ဦးချင်းစီ အသင်းအဖွဲ့တစ်ဖွဲ့ချင်းစီအား အဖွဲ့အစည်းမှ တရားဝင် သတ်မှတ်ထားသော တာဝန်ခံ၏ Signature နှင့် နံပါတ်စဥ် ပါဝင်သော ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခြင်းများကိုလည်း ဆောင်ရွက်လျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ SSPDF ( ရှမ်းပြည်တောင်ပိုင်း)၏ အမည် နှင့် Logoကို အသုံးချပြီး အလှူငွေကောက်ခံခြင်းများ၊ ညှိနှိုင်းတွေ့ဆုံရန် ချိတ်ဆက်ကမ်းလှမ်း ပြောဆိုခြင်းများသည် ကျွန်တော်တို့ SSPDF အဖွဲ့နှင့် လုံးဝ သက်ဆိုင်မှုမရှိပါကြောင်း နှင့် ကျွန်တော်တို့အဖွဲ့အနေဖြင့် ဆောင်ရွက်ရန် လိုအပ်ခဲ့ပါကလည်း တရားဝင် Facebook page မှတဆင့် သတင်းထုတ်ပြန် အသိပေးပြီးမှသာလျှင် လိုအပ်သလို ဆက်လက်ဆောင်ရွက် ကြမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**SSPDF**

**sspdf.southshanstate@gmail.com**